ပရီးမီးယားလီဂ်၏ ဘျေးကွက်စီးပွားရေးဆန်မှုက လက်ရှေးစင်အသင်းကို ထိခိုက်စေဟု အားကစားဝန်ကြီးဟောင်း ဘန်ဟန်းယူဘ

ပရီးမီးယားလီဂ်တွင် ဘျေးကွက်စီးပွားရေးဆန်လာမှုက ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်း ရှုံးနိမ့်ရခြင်း၏ အဓိကအကြောင်းအရင်းဟု ပြောဆို

ပရီးမီးယားလီဂ်၏ ရေးကွက်စီးပွားရေး ဝါဒမှာ အင်္ဂလန်အသင်း ၂၀၁၀ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ရှုံးနိမ့်ရခြင်း၏ အဓိကအကြောင်းရင်းအချက်တစ်ချက် ဖြစ်ကြောင်း အားကစားဝန်ကြီးဟောင်း ဖြစ်သူ အင်ဒီဘန်းဟန်းက ယုံကြည်စွာဖြင့် ပြောဆိုလိုက်သည်။

အင်္ဂလန်အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေပန်းအစား ဆုံးအသင်းတစ်သင်းအဖြစ်တောင် အာဖရိကသို့ သွားရောက်ခဲ့သော်လည်း ရှုံးထွက်အဆင့်မှာပင် ဂျာမနီအား ၄-၁ ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ အုပ်စုတွင်းပွဲစဉ်များမှာလည်း အင်္ဂလန်မှာ စွမ်းဆောင်မှုအားရှိ စရာမရှိခဲ့ဘဲ နည်းပြကာ ပယ်လီ၏ အနာဂတ်နှင့် ပတ်သက်ပြီး သံသယဖြစ်မေးခွန်းထုတ်စရာများ ဖြစ်လာခဲ့ရသည်။

ယင်ဘျေးမှု ဝီဒီယာနှင့် အားကစားရေးရာဝန်ကြီးဟောင်း ဘန်ဟန်းက အင်္ဂလန်ဘောလုံးဖွဲ့စည်းမှုအဆောက်အအုံအား အပြစ်တင်ပြောဆိုခဲ့ပြီး ယင်းအချက်မှာ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားတွင် ရှုံးနိမ့်ရခြင်း၏ အဓိက အကြောင်းရင်းဟု ပြောဆိုသွားခဲ့သည်။ "ဂျာမနီတော်တို့ရဲ့ အမျိုးသားဘောလုံးကစားနည်းကို အဆိပ်အတောက်ဖြစ်စေတာက ငွေကြေးလို့ ကျွန်တော်ထင်တယ်။ အင်္ဂလန်ဘောလုံးဖွဲ့စည်ဟာ ဈေးကွက်စီးပွားရေးဆန်လာပြီး ဖြစ်ပါတယ်။ ဘောလုံးပြိုင်ပွဲတွေထဲကို ငွေကြေးတွေ ကျွန်တော်တို့ အလုံးအရင်းနဲ့ စီးဆင်းလေလိုက်တဲ့အခါ ဘောလုံးအားကစားဟာ ပုံပျက်သွားပါတယ်။ ကမ္ဘာမှာ အကောင်းဆုံးလီဂ်တစ်ခုကို လိုချင်တာလား။ ကမ္ဘာမှာအကောင်းဆုံး လက်ရွေးစင်အသင်းကို လိုချင်တာလားဆိုတာ ကျွန်တော်တို့ရွေးချယ်ရမယ်။ ဒါဟာ တကယ့်ကို အရေကြီးတဲ့ ရွေးချယ်ချက်တစ်ခုပါပဲ။ အင်္ဂလန် မြေပြင်ထဲလိမ်မှာ ကမ္ဘာတစ်ဝန်းက ကစားသမားတွေကို ကျွန်တော်တို့က ပိုက်ဆံတွေ ပေးနေရတယ်။ သူတို့ဟာ သူတို့ရဲ့ အရည်အသွေးကို တိုးတက်တည်ဆောက်သွားကြတယ်။ အဲဒီအချိန်မှာ သူတို့တွေရဲ့ သက်ဆိုင်ရာပြည်တွင်းလီဂ်တွေမှာ မျိုးဆက်သစ်တွေကလည်း အရည်အသွေးတိုးတက်လာပြီး နေရာရလာကြတယ်။ ကျွန်တော်တို့ ကစားသမားတွေကတော့ ပွဲထွက်လူစာရင်း မတင်နိုင်ပါဘူး။ ပရီးမီးယားလီဂ်ကို စတင်ဖန်တီးလိုက်ကတည်း က ကျွန်တော်တို့ဆီကို ဈေးကွက်ဆိုင်ရာ အင်အားတွေ အလုံးအရင်း တင်ရောက်လာပါတယ်။ ဘောလုံးပွဲကို ကြည့်ရှုဖို့ ပရိသတ်တွေဟာ ပိုက်ဆံတွေ အများအပြားရှာလာရတယ်။ ဒါဟာ မြက်ခင်းစီမံအတွက်တော့ အကျိုးမရှိလှပါဘူး။ ကျွန်တော်တို့အနေနဲ့ ပြောင်းလဲရမှာပါ။ ဒါကိုပဲ ကျွန်တော်နောင်တစ်ချိန်ကျ ထပ်တလဲလဲနဲ့ ပြောသွားမှာပါ"ဟု ဘင်ဟန်းက ဝေဖန်ပြောဆိုသွားခဲ့သည်။

◆ ◆ ◆

စီရော်နယ်ဒို၏ အပြုအမူမှာ အသင်းခေါင်းဆောင် မပီသဟု ဗီဂိုဝေပန်

vufa&Gif oifxufBuD,s , fonbr&Sku&mpfvyef

ပေါ်တူဂီအသင်း၊ ကစားသမားဟောင်း လူးဝစ်ဗီဂိုက စပိန်နင့်ပွဲအပြီးပေါ်တူဂီအသင်း ခေါင်းဆောင် ခရစ္စတီယာနိုရော်နယ်ဒို၏ အပြုအမူအား ဝေဖန်ပြောဆိုသွားသည်။ အဆိုပါပွဲတွင် ပွဲပြီးနောက် စီရော်နယ်ဒိုက နည်းပြဖြစ်သူ ကားလိုစ်ဂျီရော်စ်အား ဝေဖန်စကားပြောဆိုခဲ့ ပြီး ကင်ပရာသမားများအား တံတွေးဖြင့် ထွေးခဲ့သည်။ ယင်းအတွက် ပေါ်တူဂီအသင်း၏ တစ်ဆိုနိုက ၆ဆဝင်ကစားသမားတစ်ဦးဖြစ်ခဲ့သော ဗီဂိုက စီရော်နယ်ဒို၏ အပြုအမူမှာ အသင်း ခေါင်းဆောင်ကောင်းတစ်ယောက်၏ အပြုအမူ မျိုးမဟုတ်ဟု ဝေဖန်ပြောဆိုခဲ့သည်။ လက်ရှေး စင်အသင်းအတွက် ၁၂၇ ပွဲ ဝံစျိန်တင်ကစားခဲ့ ပြီး ၂၀၀၆ ဂျာမနီ၊ ကမ္ဘာ့ဖလားတွင် အသင်း အား ဆီဗီးဗိုင်နယ်အဆင့်ထိ ရောက်ရှိအောင် ဦးဆောင်ခဲ့သော ဗီဂိုက အသင်းခေါင်းဆောင် တစ်ဦးမှာ ပိမိအုပ်စုအား ကကွယ်သင့်သည် ဟူ၍လည်း တိုက်တွန်းပြောဆိုသွားခဲ့သည်။ "အသင်းခေါင်းဆောင်တစ်ယောက်နဲ့ ပတ်သက်ပြီး ကျွန်တော်ယူဆချက်တွေဟာ တခြားသူတွေနဲ့ တူချင်မှ တူပါလိမ့်မယ်။ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာထက် အသင်းခေါင်းဆောင်တစ်ယောက်ဟာ အမြဲတမ်းကိုယ့် အောက်က အဖွဲ့အစည်း၊ လူအုပ်စုကို အကာ အကွယ်ပေးရမှာ ဖြစ်ပါတယ်။ ကိုယ့်အသင်း အခက်အခဲတွေနဲ့ တွေ့နေတဲ့အချိန်မှာ အသင်း အတွက် ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို အသင်းခေါင်းဆောင်ကသာ တာဝန်ယူ ရင်ဆိုင် သင့်တာပါ"ဟု ဗီဂိုက ပြောဆိုသွားသည်။

ထိုအတောအတွင်း ပေါ်တူဂီအသင်းနည်း ပြ ကားလိုစ်ဂျီရော်စ်ကလည်း ခရစ္စတီယာနိ ရော်နယ်ဒို၏ ဝေဖန်ချက်ကို ပြန်လည်တုန့်ပြန် သွားခဲ့သည်။ စပိန်အား ၁၆ သင်းအဆင့် ရှုံး ထွက်ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီး ရော်နယ်ဒိုက သူ့ အပေါ် ဝေဖန်ချက်နဲ့ပတ်သက်ပြီး ကွီရော်က ဆိုရာတွင် လက်ရှေးစင်အသင်းထက် မည်သည့်ကစားသမားတစ်ဦး။ တစ်ယောက်မျှ ပိုမိ ကြီးကျယ်ခြင်းမရှိဟုဆို ပြန်လည်တုန့်ပြန်သွားခဲ့ သည်။ "လက်ရှေးစင်အသင်းကို ကျွန်တော် စတင်တာခန်ယူစဉ်က အကျိုးမဲ့အရွယ်အစားဟာ လူတိုင်းအတွက် အရမ်းသေးနေပယ်ဆိုရင် အဲဒီလူဟာ အသင်းမှာ ရှိဖို့ မလိုတော့ပါဘူး။ စီရော်နယ်ဒိုနဲ့ ကျွန်တော် မိတ်ဆွေအဖြစ် ဆက် ဆံမှုကို ကျွန်တော်လိုချင်တာ မဟုတ်ဘူး။ ကျွန် တော်က သူ့ဆီက လေးစားမှုကိုပဲ လိုချင်တာပါ။ ကျွန်တော့်ကစားသမားတွေကို ကျွန်တော်ပြီးပြီ ကောင်းချင်ပါတယ်။ ဘယ်သူမှ လက်ရှေးစင် အသင်းထက် မကြီးကျယ်ပါဘူး။ ကျွန်တော် ရှိနေစဉ်မှာလည်း ဘယ်တော့မှ ရှိနေမှာ မဟုတ် ပါဘူး"ဟု ကားလိုစ်ဂျီရော်စ် တုန့်ပြန်ပြောဆို သွားခဲ့သည်။

ပါရာဂွေး၏ ခြေစွမ်းကောင်းကို လိုရန်တီမျှော်လင့်

ဘီလ်ဘာအိုတိုက်စစ်မှူး လိုရန်တီမှာ ပေါ်တူဂီ အား အနိုင်ရခဲ့သော ရှုံးထွက်အဆင့်ပွဲစဉ်တွင် လူစားလဲဝင်ကာ ခြေစွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်သည်။ "ကျွန်တော်တို့ စပိန်အသင်းအနေနဲ့ လည်း ပါရာဂွေးနဲ့ပွဲမှာ အရင်ပွဲတုန်းက ကစားခဲ့ တဲ့ ထက်မြက်တဲ့ခြေစွမ်းအတိုင်း ဆက်လက် ကစားသွားမှာ ဖြစ်ပါတယ်။ ပါရာဂွေးအသင်း ဟာလည်း ခံစစ်ကြောင်းကို နိုင်နိုင်မာမာ တည် ဆောက်ထားပြီး တစ်ဖက်အသင်းကို တိုက်စစ် ဆင်ရာမှာလည်း မကျေကျွန်ကိုတဲ့အတွက် လေး စားစိတ်နဲ့ ယှဉ်ပြိုင်ရမယ်ပြိုင်ဘက်အသင်း ကောင်းတစ်သင်း ဖြစ်ပါတယ်။ ကွာတားဖိုင် နယ်ရောက်နေပြီဆိုတော့ ဘယ်အသင်းမဆို ဆီဗီးဗိုင်နယ်ကို မျှော်မှန်းခွင့်ရှိတယ်မလား"ဟု စပိန်တိုက်စစ်မှူးလိုရန်တီက ထင်မြင်ချက်ပေး သွားခဲ့သည်။

ကမ္ဘာ့ဖလားရှုံးထွက်အဆင့်မှ ထွက်ခဲ့ရပြီးနောက် မက္ကဆီကိုအသင်းနည်းပြ အဂူယေး ရာထူးမှနှတ်ထွက်

အာဂျင်တီးနှားအား ၃-၁ ဖြင့် ရှုံးနိမ့်ကာ ကမ္ဘာ့ဖလားရှုံးထွက်အဆင့်မှပင် ပြိုင်ပွဲအား လက်မြန္တာတ်ဆက်ခဲ့ရပြီးနောက် မက္ကဆီကိုအသင်းနည်းပြ ဂျာဗီယာအဂူယေးမှာ ရာထူးမှ နှတ် ထွက်သွားပြီးဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဖလားမှ မက္ကဆီကိုအသင်း ထွက်ခဲ့ရပြီး ၃ ရက် အကြာတွင် နည်းပြအဂူယေးက ဗိမိအနေဖြင့် ရာထူးမှ နှတ်ထွက်ကြောင်းကြေညာခဲ့ပြီး မက္ကဆီ ကိုအသင်းအနေဖြင့် အသင်း၏ ၅ ဦးမြောက် နည်းပြသစ်ကို ရှာဖွေရတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။ "ကျွန်တော် ထွက်သွားပါတော့မယ်။ ဒါဟာ ကျွန်တော်အရှိုးသားဆုံးလုပ်နိုင်တဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်လုပ်ခဲ့သမျှ ကြံရည်တွေ့တောခဲ့သမျှတွေဟာ မက္ကဆီကိုအသင်း ကောင်းဖို့ရည်မဲ့ ဖြစ်ပါတယ်။ အခုဆိုရင်တော့ မက္ကဆီကိုအသင်းရဲ့ အနာဂတ်ဟာ လူငယ်ကစားသမားတွေလက်ထဲမှာ ရောက်နေပါပြီ"ဟု နည်းပြအဂူယေးက ဆိုသွားခဲ့သည်။ နည်းပြအဂူယေး၏ မက္ကဆီကိုအသင်းမှာ ကမ္ဘာ့ဖလားရှုံးထွက်အဆင့်မှ ငါးနှစ်ဆက်တိုက် ထွက်ခဲ့ရခြင်းဖြစ်သည်။

WORLD CUP 2010
ROAD TO AFRICA

Road to Africa

ဒဏ်ရာကြောင့် အာဂျင်တီးနားနှင့်ပွဲစဉ်တွင် ဂျာမနီအသင်းမှ ပိုဒေါလ်စကီး ပါဝင်နိုင်ဖွယ်မရှိ

ဂျာမနီအသင်းမှာ ကမ္ဘာ့ဖလားကွာတာဖိုင်နယ် ပွဲစဉ်အဖြစ် အာဂျင်တီးနားနှင့် ရင်ဆိုင်ရမည်ပွဲမတိုင်မီ အသင်းအတွက် ထိုးနက်ချက်ဖြစ်စရာ သတင်းတစ်ရပ် ထွက်ပေါ် လာခဲ့သည်။ ယင်းမှာ အသင်း၏အဓိကကစားသမား လူးကပ်စ်ပိုဒေါလ်စကီးမှာ ဒဏ်ရာ ကြောင့် အသင်း၏ လေဂျင်ရေးအစီအစဉ်နှင့် လွဲချော်ခဲ့ပြီး အာဂျင်တီးနားနှင့်ပွဲတွင် ပါဝင်နိုင်ရန် မရေရာသည် အခြေအနေပင်ဖြစ်သည်။ ပိုဒေါလ်စကီးမှာ အင်္ဂလန်အား ၄-၁ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် အသင်းအတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သူ ဖြစ်သည်။

သို့ရာတွင် ကြွက်သား အရွတ်ဒဏ်ရာကြောင့် ယမန် နေ့ကအသင်း၏ လေဂျင်ရင်းနှီး အစီအစဉ်နှင့် ပိုဒေါလ်စကီး လွဲချော်ခဲ့ရာတွင် အာဂျင်တီး နှားနှင့် အရေကြီးပွဲစဉ်ဌ ၎င်း မပါဝင်နိုင်မည်ကို ဂျာမနီတစ် သင်းလုံးမှ စိုးရိမ်လျက် ရှိသည်။ ဂျာမနီအသင်းမှာ ၎င်း၏ဒဏ်ရာအား အထူးဂရုစိုက် ပြုစု ကုသနေပြီး အာဂျင်တီး နှားနှင့် ရင်ဆိုင်ရမည်ပွဲတွင် ပါဝင်နိုင်ရေးအတွက် မျှော်လင့်ချက်ရှိ ကြောင်း သိရသည်။ ထို့နောက် တိုက်စစ်မှူး ကာကူမှာလည်း အင်္ဂလန်အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် အစာအိမ်ဝေနာကြောင့် မပါဝင်နိုင်ခဲ့သဲ့ ယခုအာဂျင်တီးနှားနှင့်ပွဲ တွင်လည်းပါဝင်နိုင်ရန် မသေချာကြောင်း သိရသည်။ နည်းပြ ဗိုအာချင်လိုကမှ ကြံနိုင်မှုရန်၊ ကာကူအား ကြိုးစားဖို့ ပြောဆို ထားကြောင်း သိရသည်။

◆ ◆ ◆

အင်္ဂလန်နည်းပြအဖြစ် ကာပယ်လိုဆက်ရှိနေရန် ကစားသမားအားလုံး ထောက်ခံကြဟု စပါးတိုက်စစ်မှူးဒီဗိုး ပြောဆို



စပါးအသင်းတိုက်စစ်မှူး ဂျာမိန်းဒီဗိုးက အင်္ဂလန်အသင်းနည်းပြအဖြစ် ကာပယ်လိုဆက် ရှိနေသင့်ပြီး အင်္ဂလန်ကစားသမားအားလုံးကလည်း ကာပယ်လိုကို နည်းပြအဖြစ် ဆက်ရှိနေ ရန် ထောက်ခံအားပေးမှုရှိသည်ဟူ၍ ပြောဆိုလိုက်သည်။ ၁၆ သင်းရှုံးထွက်အဆင့်တွင် ခါးသီးပြိုင်ဘက် ဂျာမနီအား ၄-၁ ဖြင့် အရှက်ရွေ့ယှဉ်နိုင်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားသပိုင်း တွင် အဆိုးရွားဆုံးချိန်နိမ့်မှုအဖြစ် အင်္ဂလန်အသင်း ခံစားခဲ့ရသည်။ ယင်းအတွက်ကြောင့် နည်းပြကာပယ်လို၏ အနာဂတ်မှာ အင်္ဂလန်အသင်းတွင် ဆက်ရှိနေရေး မရေမရာဖြစ်လာခဲ့ပြီး သူ့အား အသင်းတွင် ဆက်ရှိနေသင့်၊ မသင့်ကို ဝေဖန်သူများရှိသလို၊ ထောက်ခံအားပေးသူများလည်း ရှိသည်။ ယင်းတို့ထဲတွင် စပါးအသင်းတိုက်စစ်မှူး ဂျာမိန်းဒီဗိုးလည်း အပါအဝင်ဖြစ်လာ ခဲ့သည်။

အရင်ကကစားပုံကို မပြောင်းလဲဘဲ ဆက်လက်ကစားသည့်အတွက် နည်းပြဒဲလ်ဘော့စကေးကို ယခင်နည်းပြဟောင်း အာရာဂိုးနက်စ်ချီးကျူး

စပိန်အသင်းနည်းပြဟောင်း လူးဝစ်အာရာဂိုးနက်စ်က လက်ရှိစပိန်အသင်းနည်းပြ ဒဲလ်ဘော့စကေး၏ အသင်းကစားဟန်ကိုမပြောင်းလဲဘဲ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆက် လက်အသုံးပြုကစားနေခြင်းအပေါ် ချီးကျူးပြောဆိုလိုက်သည်။ ၂၀၀၈ ခုနှစ်တွင် ယူရိုချန်ပီယံ ဘွဲ့အား စပိန်အသင်းနှင့်အတူရရှိခဲ့မှုသော နည်းပြဟောင်း အာရာဂိုးနက်စ်က အုပ်စုအဆင့် ပွဲစဉ်များတွင် စပိန်အသင်းမှာ ကောင်းမွန်စွာ ခြေစွမ်းမပြနိုင်ခဲ့သော်လည်း တမြည်းဖြည်းနှင့် တိုးတက်မှုရှိလာခဲ့၍ ယခုလို ကွာတားအဆင့်အထိ တက်ရောက်လာခြင်းဖြစ်ကြောင်း ချီးကျူးပြောဆိုသွားခဲ့သည်။ *"အမှန်ကိုမြင်တဲ့အတိုင်း ကျွန်တော်ပြောရမယ်ဆိုရင် အုပ်စုအဆင့်မှာ စပိန်အသင်းဟာ ကစားပုံမကောင်းခဲ့ပေမယ့် ဘောလုံးဗိုင်ဆိုင်မှုကတော့ အသာစီးရစွာနဲ့ ကစားခဲ့ပါ တယ်။ ပေါ်တူဂီနဲ့ပွဲမှာဆိုရင် စပိန်ရဲ့ကစားပုံဟာ အရမ်းကောင်းခဲ့တာကို တွေ့ရတယ်။ နည်းပြဒဲလ်ဘော့စကေးရဲ့ အသင်းကစားပုံကို အရင်ကျွန်တော့် လက်ထက်တုန်းကအတိုင်း ပြောင်းလဲခြင်းမရှိတဲ့အတွက် ချီးကျူးပါတယ်"*ဟု အာရာဂိုးနက်စ်က ပြောကြားခဲ့သည်။

ပါရာဂွေးနှင့် ပွဲထွက်လူစာရင်းတွင် လိုရန်တီကို ဦးစားပေးသုံးဦးမည် မဟုတ်ကြောင်း စပိန်အသင်းနည်းပြဒဲလ်ဘော့စကေး ပြောဆို



ပါရာဂွေးအသင်းနှင့် ကမ္ဘာ့ဖလားကွာတာဖိုင်နယ်ပွဲစဉ်အတွက် ပွဲထွက်လူစာရင်းတွင် လိုရန်တီအား ပွဲထွက်စေမည်မဟုတ်ကြောင်း စပိန်အသင်းနည်းပြ ဒဲလ်ဘော့စကေးက ပြောဆို လိုက်သည်။ လိုရန်တီမှာ တောရက်စ်နေနာတွင် လူစားထိုးပါဝင်ကစားရသူတစ်ဦးဖြစ်ပြီး ပေါ်တူ ဂီအသင်းနှင့်ပွဲစဉ်တွင် ဒုတိယပိုင်း၌ လူစားဝင်ကစားခဲ့သည်။ သို့ရာတွင် ဒဲလ်ဘော့စကေး ကမူ လိုရန်တီအား ပါရာဂွေးနှင့်ပွဲစဉ်၌ ပွဲထွက်စေမည်မဟုတ်ဘဲ တောရက်စ်ကိုသာ ဆက်လက် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ *"အခုချိန်မှာ စပိန်ချန်ပီယံဖြစ်နိုင်ဖို့ကို မပြောနိုင်သေးဘူး။ ကျွန်တော့်ရဲ့ ရှေ့ တန်းနေရာအတွက်က ခုအချိန်မှာ ပွဲထွက်စေမှာက တောရက်စ်ပါပဲ။ သူဟာ ၄ ပွဲကစားပြီးခဲ့သလို မိန်စစ်အတော်မျှားများလည်း ကစားပေးခဲ့သူပါ။ ကျွန်တော်သူ့အပေါ်မှာ ယုံကြည်ချက်အပြည့်အဝ ရှိပါတယ်။ လိုရန်တီကိုလည်း အခွင့်အရေးပေးမှာပါ"*ဟု ဘော့စကေးက ပြောဆိုသွားသည်။

Photo News

ဂျာမနီအသင်းအလံပါအရောင်မျှားဖြင့် ခြယ်ထားသော အိတ်အားဆွဲလာသည့် ဂျာမန်အမျိုးသားတစ်ဦး။

ကမ္ဘာ့ဖလားလိုဂိုပါစောင်အား လုပ်းထားသည့် အိမ်တစ်အိမ်အား တွေ့ရရှိ၊



စပိန်-ပေါ်တူဂီပွဲအား ကြည့်ရှုနေသည့် ပီရူးနိုင်ငံမှ စားသောက်ဆိုင်တစ်ခု။

ပေါ်တူဂီအား အနိုင်ရရှိပြီး အောင်ပွဲခံနေသော စပိန်ပရိသတ်များ။